# မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်ပေါင်း(၂၀) ကျော်ကြာ သံတမန် အဆက်အသွယ်ပြတ်တောက်နေခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံ အားလုံးနှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံရေး မူဝါဒအရ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး ၂၆-၄-၂၀၀၇ ရက်နေ့တွင် နှစ်နိုင်ငံ သံတမန် အဆက်အသွယ် ပြန်လည် ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးနောက် မြန်မာနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံများ ဖြစ်သည်နှင့်အညီ အခြားကမ္ဘာ့နိုင်ငံများနှင့်နည်းတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ၊ ပူးပေါင်း ဆောင်ရွက်မှုများ ပြုလုပ်နေခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်အနေဖြင့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ဘက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အပြန်အလှန် ကူညီမှုများ လည်း ရှိခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၇-၅-၂၀၀၈ရက်နေ့တွင် ဆန်တန်ချိန် (၁၅၀၀) အား ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသို့ ကူညီပေးပို့ခဲ့ပြီး ဆန်တန်ချိန် (၁၀၀၀၀)ကိုလည်း ရောင်းချခဲ့ရာ အကြိမ်များ ခွဲ၍ ရေကြောင်းခရီးဖြင့် ပေးပို့ခဲ့ပါသည်။

ထိုကဲ့သို့ နှစ်နိုင်ငံအကျိုးတူ ကုန်သွယ်ရေး ဖြစ်ထွန်းလျက်ရှိရာတွင် မြောက် ကိုရီးယား သင်္ဘောများ မြန်မာနိုင်ငံ ဆိပ်ကမ်းသို့ လာရောက်ခဲ့ခြင်းအပေါ် အခြေခံ၍ ၂၀၀၉ခုနှစ်၊ ဇွန်လအတွင်းတွင် Kang Nam 1 အမည်ရှိ မြောက်ကိုရီးယားသင်္ဘောသည် လက်နက်များ တင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်သွားနေသည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့ပါသည်။ ထိုသတင်းများမှာ အခြေအမြစ်မရှိဘဲ ထင်မြင်ယူဆချက်များအပေါ် အခြေခံ၍ လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလို၍လည်းကောင်း ပေါ်ပေါက်လာသည့် သတင်းများ သာ ဖြစ်ခဲ့ပါသည်။

ယခုနှစ် ဧပြီလတွင် မြောက်ကိုရီးယားသင်္ဘော Chong Gen မြန်မာနိုင်ငံ ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ပုံမှန်ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၈၇၄)ကို ချိုးဖောက်ခဲ့ကြောင်း၊ ကန့်သတ် ပိတ်ပင် ထားသည့်ပစ္စည်းများ တင်ဆောင်လာခဲ့ကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများ ပေါ်ထွက်ခဲ့ပါသည်။ ဖြစ်ရပ်မှန်မှာ ကန့်သတ်မှုမရှိသည့် ဘိလပ်မြေများ တင်သွင်းပြီး၊ ဆန်တန်ချိန်တစ်သောင်း တင်ပို့ ရောင်းဝယ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

အမှန်စင်စစ် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်တင်သင်္ဘောများ မြောက်ကိုရီးယား ဆိပ်ကမ်းများမှ ထွက်ခွာလာသည့်အခါ လမ်းတစ်လျှောက် စစ်ဆေးရန် အခွင့်အရေးများ ရှိသော်လည်း စစ်ဆေးခဲ့ခြင်းများမရှိဘဲ မည်သည့်နိုင်ငံသို့ ဦးတည် သွားရောက်သည်ကိုပင် မသိရှိရသေးမီ ထိုသင်္ဘောမှာ လက်နက်များ တင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်နေကြောင်းဖြင့် တာဝန်မဲ့ ကြိုတင်၍ စွပ်စွဲပြောဆိုမှုများ မပြုလုပ်သင့်ဟု ယူဆပါသည်။

မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မဆို မိတ်ဆွေနိုင်ငံကဲ့သို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့်နည်းတူ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း ကူးသန်းဆက်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။

အချို့နိုင်ငံများက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် (၁၈၇၄)အရ လိုက်နာဆောင်ရွက်ရေးနှင့်ပတ်သက်၍ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်စည်ရောင်းဝယ်မှုအပေါ် မြန်မာနိုင်ငံအား စွပ်စွဲမှုများပြုလုပ် လေ့ရှိသော်လည်း အခြေအမြစ်မရှိပါ။ မြန်မာဆိပ်ကမ်းသို့ မြောက်ကိုရီးယား သင်္ဘောဆိုက်ကပ်ခဲ့ရာတွင်လည်း သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေး၍ ဆိုက်ကပ်/ထွက်ခွာခွင့် ပြုခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် အလျောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် များကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

ရက်စွဲ၊ ၂၀၁၀ခုနှစ်၊ ဇွန်လ ၁၁ ရက်

*******